ARAKAN LIBERATION PARTY

(Liberty) (Equality) (Fraternity)

# ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယအကြိမ်မြောက်ညီလာခံ ဒုတိယအကြိမ်မြောက် ဗဟိုကော်မီတီနှစ်ပတ်လည်အစည်းအဝေး၏ ထုတ်ပြန်ကြေငြာချက် (၀၉/၂၀၀၆)

ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယအကြိမ်မြောက်ညီလာခံ၊ ဒုတိယနှစ်ပတ်လည် ဗဟိုကော်မီတီအစည်းအဝေးကို အိန္ဒိယ–မြန်မာနယ်စပ်အခြေစိုက် ပါတီဌာနချုပ်စခန်းတွင် အောက်တိုဘာလ(၂၈)ရက်မှ နိုဝင်ဘာလ(၁)ရက်နိထိ (၄)ရက်တိုင်တိုင် အောင်မြင်စွာ ကျင်းပပြုလုပ်ခကတ်သည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် ပါတီဥက္ကဌကြီး ခိုင်ရဲခိုင်နှင့် အခမ်းအနားမှူးအဖြစ် ပါတီအထွေထွေအတွင်းရေးမှူး ဗိုလ်မှူးခိုင်မျိုးမင်းရို့မှ ဆောင်ရွက်ခကတ်ပြီး၊ ဗဟိုကော်မီတီဝင်အများစု တက်ရောက်ခကတ်သည်။ အစည်းအဝေးတွင် ပါတီအထွေထွေအတွင်းရေးမှူး၏ နိုင်ငံရေးအစီရင်ခံစာတင်သွင်းခြင်းနှင့် တက်ရောက်သူများက သုံးသပ်ပြင်ဆင်ဖြည့်စွက်ပြီး အတည်ပြုခြင်း၊ လုပ်ငန်းဆိုင်ရာဌာနတာဝန်ခံများ၏ လုပ်ငန်းအစီရင်ခံစာများကို ဖတ်ကြားတင်သွင်းပြီး ရှေ့လုပ်ငန်းစိုင်များ ချမှတ်ခြင်းစသည်များကို ပြုလုပ်ခကတ်သည်။

ထို့အပြင် ရခိုင်ရို့၏အနာဂါတ်နိုင်ငံရေးကိုဝေဖန်ဆန်းစစ်ခြင်း၊ ဗမာ့နိုင်ငံရေးကိုအပြန်အလှန်ဝေဖန်သုံးသပ်ခြင်း၊ ဗမာ့နိုင်ငံရေးနှင့်သက်ဆိုင်သော အရေးကြီးသည့်နိုင်ငံတကာအခြေအနေများကို ဝေဖန်သုံးသပ်ခြင်းများပြုလုပ်ခကတ်ပြီး အရေးကြီးသော နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်များကိုလည်း ချမှတ်ခကတ်သည်။ ထိုအရေးကြီးသော ဆုံးဖြတ်ချက်များအထဲမှ တချို့မှာ–

၁။ စစ်အုပ်စုမှ ဆက်လက်ကျင်းပနီသော အတုအယောင်အမျိုးသားညီလာခံသည် ပြည်သူလူထုတရပ်လုံး၏ သဘောဆန္ဒနှင့် ဆန့်ကျင်ပြီး စစ်ဝါဒကိုသာ သက်ဆိုးရှည်စီသည့်အတွက် ထိုညီလာခံအား လုံးဝဆန့်ကျင်သည်။
၂။ ဗမာပြည်၏ နိုင်ငံရေးပြဿနာအား ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အစီအစိုင်တွင် တရားဝင်ထည့်သွင်းခမှုသည် ဗမာ့နိုင်ငံရေးပြဿနာအား ဖြေယှင်းနိုင်ရန် လမ်းစဖြစ်သည့်အတွက် အပြည့်အဝ ထောက်ခံကြိုဆိုသည်။
၃။ ရခိုင့်ပင်လယ်ကမ်းလွန်မှထွက်ယိုသည့် သဘာဝဓါတ်ငွေ့များအား တရုတ်နှင့်အိန္ဒိယသို့ရောင်းချရန် စစ်အစိုးရ၏စီစိုင်ဆောင်ရွက်နီမှုသည် ရခိုင်ပြည်သူများ၏သဘောဆန္ဒနှင့် လုံးဝဆန့်ကျင်သည့်အပြင် စစ်အုပ်စု၏ လက်နက်ဝယ်ယူရေးအတွက်ကိုသာ အားဖြစ်စီမည်ဖြစ်၍ လုံးဝဆန့်ကျင်ယှုတ်ချသည်။
၄။ ရခိုင်ပြည်အနှံ့ စစ်အာဏာပိုင်များကျူးလွန်နီသည့် အတင်းအဓမ္မအလုပ်စေခိုင်းမှု၊ ပြည်သူပိုင်မြေယာများအား အတင်းအဓမ္မသိမ်းယူမှု၊ အပြစ်မယှိပြည်သူများအား မတရားဖမ်းဆီးသတ်ဖြတ်နီမှုများ၊ အမျိုးသမီးများကို အဓမ္မပြုကျင့်နီမှုများနှင့် သဘာဝသစ်တောများအား တရားမဝင်ခွတ်ရောင်းဖြုန်းတီးနီမှုများအား ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချလိုက်ကြောင်း ဤကြေငြာချက်နှင့်ဖော်ပြလိုက်သည်။

စည်းရုံးရေးနှင့်ပြန်ကြားရေးဌာန
ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)

ရက်စွဲ – နိုဝင်ဘာလ(၁၂)ရက်၊ ၂၀၀၆ ခု။

ဆက်သွယ်ရန် – (+ 880 171 422 0286)